# COVID-19 ကုသမှုများ

## ဆေးဝါးအသစ်များသည် ပြင်းထန်သောရောဂါများကို ကာကွယ်ရန် ကူညီပေးနိုင်သည်

အမေရိကန်ပြည်ထောင်စု အစားအစာနှင့် ဆေးဝါးညွှန်ကြားမှုဦးစီးဌာနသည် COVID-19 ကုသရန် ကုသမှုနည်းလမ်းအမျိုးမျိုးအတွက် အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ကို အတည်ပေးပြီးဖြစ်သည် သို့မဟုတ် ထုတ်ပြန်ထားပြီးဖြစ်သည်။ ဤဆေးများသည် ပြင်းထန်သော COVID-19 ဖြစ်နိုင်ခြေ မြင့်မားသူများအနက် အပျော့စားမှ အလယ်အလတ် လက္ခဏာများ ရှိသူများအတွက်ဖြစ်သည်။ ဤဆေးများသည် ဆရာဝန် သို့မဟုတ်ဆေးဝါးပညာရှင်ထံမှ ဆေးစာလိုအပ်ပါသည်။ ကုသမှုသည်ညွှန်ကြားထားသည့်ဆေးအပေါ် မူတည်ပြီးရောဂါလက္ခဏာများ စတင်ပြီးနောက် ငါးရက်သို့မဟုတ် ခုနှစ်ရက်ထက် နောက်မကျဘဲစတင်ရမည်ဖြစ်ပါသည်။

သင်သည် အန္တရာယ်ရရှိနိုင်ခြေမြင့်မားနေပြီး ရောဂါပိုးရှိကြောင်း စစ်ဆေးတွေ့ရှိထားသူဖြစ်ပါက သင့်အတွက်သင့်တော်သည့် COVID-19 ကုသမှုများရှိမရှိ မေးမြန်းနိုင်ရန် သင့်ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးသူထံ ချက်ချင်းဆက်သွယ်ပါ။



### ကုသမှုများ

အချို့ကုသမှုများကို သောက်ဆေးပုံစံဖြင့် ပြုလုပ်သည်။ အချို့ကို အကြောမှဆေးရည်သွင်းသည့်ပုံစံဖြင့် ပြုလုပ်သည်။

ဗိုင်းရပ်စ်တားဆေးသည် COVID-19 ဗိုင်းရပ်စ်၏ သီးသန့်အစိတ်အပိုင်းများကို ပစ်မှတ်ထားပြီး ရောဂါပိုး လျှင်မြန်စွာပွားများသွားခြင်းမှ ကာကွယ်တားဆီးပေးသည်။



### မည်သူတို့ အကျုံးဝင်သနည်း။

ပြင်းထန်သော COVID-19 ဖြစ်ပွားနိုင်သည့်အန္တရာယ် မြင့်မားသူများသည်ကုသမှုနည်းလမ်းများအတွက် သင့်တော်သူများ ဖြစ်ပါသည်။ ၎င်းတွင် ကာကွယ်ဆေးမထိုးထားသူများ၊ အဝလွန်သူများ/အလွန်ဝသူများ၊ အသက် 65 နှစ်အထက် လူများ၊ နှလုံး၊ အဆုတ်၊ အသည်း၊ သို့မဟုတ်ကျောက်ကပ်ရောဂါ ရှိသူများ၊ ဆီးချိုရောဂါသည်များ၊ ကိုယ်ဝန်ဆောင်များ၊ သိမြင်မှုစွမ်းရည်ချွတ်ယွင်းသူများ၊ ကင်ဆာရောဂါသည်များ၊ ပန်းနာရင်ကျပ်ရှိသူများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် စိတ်ကစဥ့်ကလျားဖြစ်နေသူများ၊ သို့မဟုတ် စိတ်ကျန်းမာရေး ချွတ်ယွင်းနေသူများ ပါဝင်ပါသည်။



### ကာကွယ်ပေးနိုင်သည့် ဆေးဝါး

ရောဂါပိုးနှင့်မထိတွေ့မီ COVID-19 ကူးစက်မှုကို ကြိုတင်တားဆီးနိုင်သောဆေးဝါးများ ရှိပါသည်။၎င်းဆေးကို အသင့်အတင့်မှသည် ပြင်းထန်သော ကိုယ်ခံအားစနစ်ရှိသူများအတွက် ဆေးစာနှင့်အတူ ရရှိနိုင်ပါသည်။

COVID-19 ကုသမှုများဖြင့် COVID-19 ကာကွယ်ဆေးများကို အစားထိုးရန်မဟုတ်ပါ။ လူတိုင်းအား ၎င်းတို့အတွက် ကာကွယ်ဆေးများကို စောနိုင်သမျှစောစော ထိုးနှံရန် အကြံပြုတိုက်တွန်းပါသည်။

ထပ်ဆောင်းအချက်အလက်များကို **aspr.hhs.gov/COVID-19/Therapeutics** တွင် ရရှိနိုင်ပါသည်

**hawaiicovid19.com/treatment**
တွင် ပိုမိုလေ့လာပါ